# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၈၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
## (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၂၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၇၈.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဟသ္သာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၂) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၂ ရက်၊

(၃) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၂ ရက်၊

**မူကြမ်း**

(၄) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၅) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၆) လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၇) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၁ ရက်၊

(၉) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၁၀) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်နှင့်

(၁၁) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ပညာရေးဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းတွင် မြို့နယ်ပညာရေးမှူးများ၏ ရာထူးတိုးများအတွက် ကန့်သတ်ချက်များရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပညာရေးဝန်ထမ်းများနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းမှာ မြို့နယ်ပညာရေးမှူးများရဲ့ ရာထူးတိုးများအတွက် သိရှိလိုသည်မှာ (၁) ရာထူးတိုးအတွက် ကန့်သတ်ချက်တွေရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ကန့်သတ်ထားသည်၊ အဘယ့်ကြောင့်ဖြစ်သည်၊ မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလို၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ

ဇော်မင်းအောင်က ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ရဲ့ ပညာရေးဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းမှာ မြို့နယ်ပညာရေးမှူးများရဲ့ ရာထူးတိုးများအတွက် သိရှိလိုသည်မှာ ကန့်သတ်ချက်များရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ကန့်သတ်ထားသည်၊ အဘယ်ကြောင့်ဖြစ်သည်၊ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မြို့နယ်ပညာရေးမှူးများရဲ့ ရာထူးများအတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံရမယ်လို့ သတ်မှတ်ထားပါတယ်။ အဲဒါတွေကတော့ အထက်တန်းကျောင်းအုပ်ကြီးရာထူးမှာ သုံးနှစ်ပြည့်ပြီးသူဖြစ်ရပါမယ်။ အသက် ၅၈ နှစ်ထက် မကြီးတဲ့သူဖြစ်ရပါမယ်။ ကျန်းမာရေးကောင်းမွန်တဲ့သူဖြစ်ရပါမယ်။ တစ်နှစ်အတွင်းမှာ ပြစ်မှုကင်းရှင်းသူဖြစ်ရပါမယ်။ ကျောင်းအုပ်ချုပ်မှုစွမ်းရည် တစ်နည်းအားဖြင့် Performance မှတ်ချက်အနည်းဆုံး သင့် ရသူဖြစ်ရမယ်။ သို့သော်လည်းပဲ ဒေသလိုအပ်ချက်အရ အထက်ပါအရည်အချင်းများအား လျှော့ပေါ့စဉ်းစားပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ ခုနက ပြည်ထောင်စုဒုတိယဝန်ကြီး ဖြေသွားတဲ့အခါမှာ အသက် ၅၈ နှစ်ထက်မကြီးရဆိုတဲ့အချက်တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခါ အထက်တန်းကျောင်းအုပ်ကြီးရာထူး လုပ်သက် ၃ နှစ်ဖြစ်ရမယ်။ ကျန်တဲ့အကြောင်းအရာတွေတော့ အဲဒီတော့ ကျွန်မသိချင်တာက ကျွန်မတို့ ဝန်ထမ်းဘဝဆိုတာ မိမိတို့ပင်စင်ယူတဲ့အချိန်မှာ မိမိတို့ရဲ့နောက်ဆုံးကိုယ်ရသင့်ရထိုက်တဲ့ရာထူးများကို ရယူပြီးတော့မှ ပင်စင်ခံစားနေကြပါတယ်။ အဲဒီတော့ ကျွန်မတို့ ပညာရေးဝန်ထမ်းတွေမှာ ပညာရေးမှူးတွေပေးတဲ့အခါမှာ ၅၈ နှစ်ထက်မကျော်ရဘူးဆိုရင် တကယ်လို့ သူဝန်ထမ်းလုပ်သက် အထက်တန်းကျောင်းအုပ်ကလည်း ၃ နှစ်ပြည့်နေတယ်။ နောက် ၅၈ နှစ်ထက်မကျော်ရဘူးဆိုတဲ့အခါမှာ သူတို့မှာ ခံစားခွင့်တွေဆုံးရှုံးပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ အခြားအခြားဌာနဝန်ထမ်းတွေမှာတော့ ကျွန်မတို့ ဒီလိုမတွေ့ရဘဲနဲ့ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းပဲ ၅၈ နှစ်ကျော်ရင် မြို့နယ်ပညာ ရေးမှူးမပေးဘူးဆိုတဲ့အခါကျတော့ ဒီပညာရေးဝန်ထမ်းများအတွက် တော်တော်နစ်နာနေတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒါကို ဘာ့ကြောင့် ၅၈ နှစ် ကျော်ရင်မပေးတာလဲဆိုတဲ့အခြေအနေလေးကို သိချင်နေတဲ့ ပညာရေးဝန်ထမ်းများရဲ့ကိုယ်စား ဒုတိယဝန်ကြီးကို ပြန်လည်ပြီးတော့ ဒါလေးနဲ့ပတ်သက်ပြီး ပြန်ရှင်းပြပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ရှင်။

**မှူးကြမ်း**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီ ၅၈ နှစ်ထက်မကြီးသူဖြစ်ရမယ်ဆိုတာဟာ ပညာရေးဝန်ထမ်း ပညာရေးမှူးတာဝန်များကို ထမ်းဆောင်တဲ့အခါမှာဆိုရင် ဒီမြို့နယ်ရဲ့ဖွံ့ဖြိုးမှုတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီအတွက် သူ့ရဲ့ Sustainable Development ရဖို့အတွက်ကတော့ သူကအနည်းဆုံး နှစ်နှစ်လောက်အချိန်ရမှ အဲဒီဒေသအတွက်ကို သူက ဒါ သေချာစီမံခန့်ခွဲနိုင်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ဒါက တစ်ပိုင်းပါ။ ဒုတိယတစ်ပိုင်းကတော့ ခုနကပြောတဲ့ သူတို့နောက်ဆုံးအဆင့်အနေနဲ့ ရာထူးတူ လစာနှုန်းတူနဲ့ ပင်စင်ယူလို့ရတဲ့အနေအထားမျိုးလည်းရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ပြန်လည်ပြီးပြောရမယ်ဆိုရင်တော့ နှစ်ပိုင်းရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဒေါ်ခင်သန်းမြင့် မေးတဲ့အထဲမှာ ၅၈ နှစ်နဲ့ ကျွန်တော်တို့ပေးရခြင်းကတော့ ဒီဒေသမှာ သူက ရာထူးလည်းတိုးပြီးရော ကျွန်တော်တို့က သူ့ရဲ့ဆက်လက်ဆောင်ရွက်ရမယ့်တာဝန်တွေကို နှစ်နှစ်လောက် အသားသေအောင် ဆောင်ရွက်နိုင်ဖို့အတွက် ဒါရည်ရွယ်ထားခြင်းဖြစ်ပါတယ်။ နောက်တစ်ခုဖြည့်စွက်ပြောလိုတာတော့ ဒီဟာတွေဟာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ကိုယ့်သဘောနဲ့ကိုယ် ချမှတ်ထားတဲ့ဟာတွေမဟုတ်ပါဘူး။ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် Conservation Meeting များလုပ်ပြီးတော့မှ ကျွန်တော်တို့က ချမှတ်ထားတဲ့မူဝါဒတွေဖြစ်ပါတယ်။ ဒါကတော့ တစ်ဦးတည်းသဘောနဲ့ ဆောင်ရွက်ထားခြင်းမဟုတ်ပါဘူးဆိုတာလေး ရှင်းလင်းဖြေကြားလိုပါတယ်။ ခုနက နှစ်ပိုင်းရှိတယ်ဆိုတဲ့နေရာမှာ ၅၈ နှစ်ကတော့ သူ့ရဲ့ Sustainable Development ရဖို့အတွက် ပညာရေးဟာ သူက ဒါရေရှည်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လျာထားခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဝန်ထမ်းတွေဟာ သူတို့က တကယ်လို့ ပင်စင်ယူတဲ့အချိန်မှာ အမြင့်ဆုံးရာထူးနဲ့ယူမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ အခြားသောအလားတူ ရာထူးတူ၊ လစာနှုန်းတူရာထူးတွေလည်းရှိပါတယ်။ အဲဒါတွေနဲ့လည်း သွားလို့ရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ကြို့ပင်ကောက်မြို့နယ်၊ လယ်တီကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေလို့ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင် ဖြစ်ပါတယ်။ ကြို့ပင်ကောက်မြို့နယ်၊ စေတီကုန်းကျေးရွာအုပ်စု၊ လယ်တီရွာမှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ကြို့ပင်ကောက်မြို့ရဲ့ အနောက်ဘက်ခြမ်းမှာ အ.ထ.က ကျောင်းတစ်ကျောင်းရရှိဖို့အတွက်ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် ကြို့ပင်ကောက်မြို့နယ်ရဲ့ အနောက်ဘက်ဒေသမှာရှိတဲ့ မိဘပြည်သူများရဲ့ကိုယ်စား ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ဒုတိယမြောက်မေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသန့်ဇင်ရဲ့ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ လယ်တီကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန်နှင့် အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ လယ်တီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၃၁-၅-၂၀၁၅ ရက်နေ့မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ကြားရတဲ့သတင်းက ဝမ်းသာစရာဖြစ်သွားတဲ့အတွက် မေးတဲ့မေးခွန်းရှင်နဲ့အတူ ထပ်တူ ကျွန်တော်တို့ဝမ်းသာပါတယ်။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် စပ်လျဉ်းပြီး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလူမျိုးများရေးရာအခွင့်အရေးနှင့်ပတ်သက်ပြီး မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေအမှတ် (၈/၂၀၁၅)အဖြစ်နဲ့ ၂၄-၂-၂၀၁၅ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းဥပဒေရဲ့ အခန်း(၄) ပုဒ်မ ၆ မှာ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားပါတယ်။ နောက်ပြီး ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)မှာ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေနှင့်အညီ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းတဲ့ကိစ္စရပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနများကို ပြည်ထောင်စုအစိုးရအဖွဲ့က မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၆) ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ပြည်သူ့လွှတ်တော်မှာ ဖြေကြားသွားမယ့်ကိစ္စကတော့ နိုင်ငံတော်သမ္မတမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ အခန်း(၄) ပုဒ်မ ၆ နှင့် အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)တို့တွင် ဖော်ပြပါရှိချက်များအရ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနများ ဖွဲ့စည်းရေးကိစ္စအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ မည်သို့စီမံဆောင်ရွက်ထားရှိကြောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးမြန်းမှုအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ယခုမေးခွန်းကို မေးမြန်းပေးတဲ့ ဒေါက်တာစိုးမိုးအောင်ကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့က ဆောင်ရွက်ချက်တွေကို သိရှိနိုင်ရန်အတွက် ရှင်းပြဖို့ အခြေအနေပေးလာတဲ့အတွက်ကြောင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ဖော်ပြပါရှိသောအချက်အလက်များကို လေ့လာသုံးသပ်မယ်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရမှာ ဖြစ်ပါတယ်။ ဥပဒေကို အခန်း(၉)ခန်းဖြင့် ဖွဲ့စည်းထားပြီး ဥပဒေ၏ ရည်ရွယ်ချက်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ ဝန်ကြီးဌာနဖွဲ့စည်းခြင်း၊ ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း၊ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းအပိုင်း ဖော်ပြချက်များ၊ တားမြစ်ချက်နှင့် ပြစ်ဒဏ်များနှင့် အထွေထွေဖော်ပြချက်များဆိုပြီး ပါရှိပါတယ်။ တင်ပြပါအတိုင်း ဥပဒေ

တစ်ခုလုံးကို ခြုံငုံ၍ လေ့လာကြည့်ပါက အဓိကအချက်အနေနဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို စနစ်တကျဖွဲ့စည်းပြီး သတ်မှတ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသုံးပြု၍ ဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်တာကို တွေ့ရှိရပါတယ်။

ဥပဒေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၌ ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များအရ တိုင်းရင်းသားလူမျိုးများရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် ဝန်ကြီးဌာနများဖွဲ့စည်းအကောင်အထည်ဖော်ရေးကိစ္စတွင် အဓိကအားဖြင့် အစိတ်အပိုင်းနှစ်ခုပါရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ပထမတစ်ပိုင်းမှာ ဝန်ကြီးဌာနဖွဲ့စည်းခြင်းအပိုင်းနှင့် ဒုတိယအပိုင်းကတော့ ဝန်ကြီးဌာနဖွဲ့စည်းပြီးပါက ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော်ရမယ့်အပိုင်းတို့ ဖြစ်ပါတယ်။

ဆက်လက်ပြီး တင်ပြပါ အပိုင်းတစ်ခုချင်းစီအလိုက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနများဖွဲ့စည်းခြင်းအပိုင်းတွင် စနစ်တကျရှိစေရေးအတွက် ဥပဒေအရ ဖွဲ့စည်းရမည့်ဝန်ကြီးဌာနများကိစ္စနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနများအတွက် လိုအပ်သော ဌာနဖွဲ့စည်းပုံနှင့် ဝန်ထမ်းဖွဲ့စည်းပုံဇယားများကို ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနမှာ ခန့်အပ်တာဝန်ထမ်းဆောင်မယ့်ဝန်ထမ်းများအတွက် ပြဋ္ဌာန်းပြီးဥပဒေနှင့်အညီ သက်ဆိုင်ရာရာထူးအဆင့်များအလိုက် တာဝန်နှင့် ဝတ္တရားများ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း အစရှိသောလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဥပဒေအရ ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များအတွက် ဝန်ကြီးဌာန၏ လျာထားဘဏ္ဍာငွေအသုံးစရိတ်များကို သက်ဆိုင်ရာဘဏ္ဍာနှစ်၏ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးနှင့် ဝန်ကြီးဌာနအဆောက်အဦ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းရေးဆွဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အထက်ပါလုပ်ငန်းစဉ်များဖြစ်သော ဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံဇယားများ၊ ဝန်ထမ်းများ၏ တာဝန်နှင့် ဝတ္တရားများ သတ်မှတ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေဆိုင်ရာ ငွေစာရင်းညှိနှိုင်းရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါ သက်ဆိုင်ရာ

ပြည်ထောင်စုဝန်ကြီးဌာနမှ စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြု ချက်ရယူခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ကိုရယူပြီး ဝန်ကြီးဌာနလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် ခြင်း အစရှိသောလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ ဖွဲ့စည်းအကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမယ့် ဥပဒေ နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတထံ ဆက်လက်တင်ပြပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တင်ပြခဲ့သော ဌာနဖွဲ့စည်းခြင်းဆိုင်ရာလုပ်ငန်းအဆင့်ဆင့်ကို အကောင် အထည်ဖော်ရာ၌ ဝန်ကြီးဌာနဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အားစာရင်းများ ရေးဆွဲခြင်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှလည်းကောင်း၊ နည်းဥပဒေ(မူကြမ်း) ရေးဆွဲခြင်း ကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှလည်းကောင်း၊ ဆောင်ရွက်ဆဲကိစ္စရပ်များဖြစ်ကြောင်း တင်ပြလိုပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်နေချိန်အတွင်း ဒုတိယအပိုင်းဖြစ်သော ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း တိုင်းရင်းသားလူမျိုးများရေးရာကိစ္စများကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန ပေါ်ပေါက်လာပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း ဥပဒေတွင် ပြဋ္ဌာန်းထားသော တိုင်းရင်းသားလူမျိုးရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စု ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ထားရှိကြောင်းကိုလည်း တင်ပြအပ် ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက် သည့် ဥပဒေတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များဖြစ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် စနစ်တကျဖြစ်စေ ရန်အတွက် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထိုကဲ့သို့ ဆောင်ရွက်နေစဉ်ကာလအတွင်း ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် အတွက် လစ်ဟာမှုမရှိစေဘဲ သက်ဆိုင်ရာတိုင်းရင်းသားရေးရာကိစ္စရပ်များအတွက် အချိန်နှင့်

တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ ဖွဲ့စည်းအကောင်အထည်ဖော်ရေး နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ သဘောတူညီမှုဖြင့် တင်ပြလာပါက ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ သိချင်တာလေးကို ဆက်စပ်ပြီး မေးခွင့်ပြုပါ။ စောစောက ပြည်ထောင်စုဒုတိယဝန်ကြီးတင်ပြသွားတဲ့ ဝန်ကြီးဌာနတစ်ခုဖွဲ့စည်းရမည့် လုပ်ငန်းစဉ် အဆင့်ဆင့် တွေ၊ သူရဲ့ Process တွေ အများကြီးရှိတာကို နားလည်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်အတွက် အရေးကြီးတဲ့ တိုင်းရင်းသားလူမျိုးများရေးရာကိစ္စတွေကို ဆောင်ရွက်နေတဲ့နေရာမှာ ပြည်ထောင်စု အစိုးရအဖွဲ့အနေနဲ့ အရေးတယူနဲ့ အရေးတကြီးကိစ္စလိုသဘောထားပြီး ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်အနေနဲ့ သိချင်တာက စောစောက ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေဟာ ဘယ် အချိန်၊ ဘယ်ကာလလောက်မှာ ပြီးနိုင်တယ်ဆိုတာကို သိနိုင်မယ်ဆိုရင် သိချင်ပါတယ်ခင်ဗျာ။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)** ။ ။ ခုနက ကျွန်တော် ဖြေကြားတဲ့အထဲမှာလည်း ပါရှိပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုလေးပေါ့လေ။ တင်ပြချင် တာကတော့ ကျွန်တော်ပြောသွားတဲ့အထဲမှာ လောလောဆယ် ဥပဒေပြဋ္ဌာန်းထားသော တိုင်းရင်းသား လူမျိုးရေးရာနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး လောလောဆယ်မှာ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေ တယ်ဆိုတဲ့ဟာလေးကို ရှင်းပြချင်ပါတယ်။ ဘာလဲဆိုရင် လောလောဆယ် လက်ရှိ ဝန်ကြီးဌာနမဖွဲ့စည်း နိုင်ခင်၊ ဝန်ကြီးမခန့်အပ်နိုင်ခင် အတောအတွင်းမှာ ကျွန်တော်တို့က လက်ရှိဆက်စပ်တဲ့ ဝန်ကြီးဌာန တွေရှိပါတယ်။ ၎င်းဝန်ကြီးဌာနတွေမှာလည်းဆိုရင် နယ်စပ်ရေးရာဝန်ကြီးဌာနတွေ၊ နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနဦး ပြည်ထဲရေး ဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးရုံးဌာန(၆)၊ အခုအဓိက သမ္မတရုံးဝန်ကြီးဌာန(၆)က တိုင်းရင်းသား ရေးရာကိစ္စများကို အဓိကစောင်းပေးပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ နောက် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသည်ဖြင့်

ဒီဝန်ကြီးဌာနတွေဟာ လောလောဆယ် လက်ရှိပေါ်ပေါက်လာမယ့် ဝန်ကြီးဌာနရဲ့လုပ်ငန်းစဉ်တွေကို ပါဝင်ပတ်သက်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် လောလောဆယ် လက်ရှိလည်း ဒါတိုင်းရင်းသားရေးရာကိစ္စများကို အထူးအလေးထားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်းကို တင်ပြအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ထပ်ဆင့်မေးခွန်းက ဘယ်တော့လောက်မှာ ပေါ်ပေါက်လာမလဲဆိုတဲ့သဘောလို့ ကြားရပါတယ်။ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာလည်း ကျွန်တော်ဖြေကြားတဲ့အထဲမှာလည်းပါရှိပြီး ဖြစ်ပါတယ်ခင်ဗျား။ ဒီဝန်ကြီးဌာနတစ်ခုဖွဲ့စည်းတယ်ဆိုတဲ့ဥစ္စာမှာ ခိုင်ခိုင်လုံလုံ၊ ခိုင်ခိုင်မာမာ၊ စည်းမျဉ်းစည်းကမ်း သေချာချမှတ်ပြီးတော့၊ ဖွဲ့စည်းပုံသေချာချမှတ်ပြီးဆောင်ရွက်မှသာလျှင် နောင်မှာ ခဏခဏပြင်ဆင်ခြင်း မဖြစ်နိုင်တဲ့အနေအထားရှိပါတယ်။ ပြီးတော့လည်း ကျွန်တော်တို့ ဒီက တိုင်းရင်းသားရေးရာ ဥပဒေထဲမှာ ပါရှိနေတဲ့ အချက်အလက်တွေရှိပါတယ်။ ၎င်းအချက်အလက်တွေထဲက တော်တော်များများကတော့ တိုင်းရင်းသားလူမျိုးများကိစ္စကို အဓိကထားပြီးတော့ ဖော်ပြထားတာရှိပါတယ်။

ဥပမာအားဖြင့် ရည်ရွယ်ချက်မှာပဲကြည့်ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များမှာလည်း ကြည့်ကြည့်၊ နောက်တစ်ခုက ဒီဝန်ကြီးဌာနတွေရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့် တွေကို ဒါတွေဟာ တော်တော်များများကို အသေးစိတ်ဖော်ပြထားတာရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း အကြိတ်အနယ် အသေးစိတ်ဆွေးနွေးပြီးတော့ ဆောင်ရွက်ထားတဲ့ လုပ်ငန်းစဉ်တွေဖြစ်တဲ့ အတွက်ကြောင့် ဒီဥပဒေဟာ အလွန်ကောင်းမွန်တဲ့ဥပဒေဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း အများကြီးဆောင်ရွက်ပေးတဲ့၊ အကျိုးရှိတဲ့၊ ဆောင်ရွက်ပေးတဲ့အချက်အလက်တွေ အများကြီးပါတာဖြစ်တဲ့အတွက်ကြောင့် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီးတော့ ကျွန်တော်တို့ လုပ်ရတာဖြစ်တဲ့ အတွက်ကြောင့် ဒါ အနည်းငယ်မှားယွင်းသွားလို့ မဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါကိုဖြစ်အောင် ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်နေတာဖြစ် ကြောင်းကိုလည်း ကျွန်တော် တင်ပြချင်ပါတယ်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့်ရှိ/မရှိနှင့် ပြည်ထောင်စုအစိုးရမှ ဦးရေမည်မျှထိ ဖွဲ့စည်းခွင့်ပြုနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးများအတွက် ၎င်းမြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လုံခြုံရေးတာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာတာဝန်ဖြစ်စေ၊ ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းထားသည့် တပ်မတော်သားကိုယ်စားလှယ်များ၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ ပုဂ္ဂိုလ်များက ရွေးချယ်ဖြည့်စွက် ခန့်ထားသည့်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟု ပါရှိထားပြီး ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဂ)တွင် အဖွဲ့ဝင် ဦးရေအနည်းဆုံး ၁၀ ဦး ပါဝင်စေရမည်ဟု ပါရှိပါတယ်။ ဒေသဦးစီးအဖွဲ့ဝင်ကို အနည်းဆုံး ၁၀ ဦး ဟု ဖော်ပြထားတဲ့အတွက် လိုအပ်လျှင် အများဆုံး ၁၄ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခွင့်လည်း ရရှိသင့်သည်ဟု ကျွန်တော် ယုံကြည်မျှော်လင့်ထားပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အုပ်ချုပ်ရေးယန္တရား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နဲ့ မျိုးဆက်သစ်လူငယ်များကို နေရာပေး၊ တာဝန်ပေးနိုင်ရန်အတွက် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့်ရှိ/မရှိနှင့် ပြည်ထောင်စုအစိုးရမှ ဦးရေမည်မျှထိဖွဲ့စည်းခွင့်ပြုနိုင်မည်ကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ဆက်လက်၍ ကျွန်တော်ကပဲ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၏မေးခွန်းနှင့်ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန (၆) ကိုယ်စား လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျာ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒီမှာလာရောက်ဖြေကြားရတဲ့အတွက် အထူးပဲ ဦးကျော်နီနိုင်ကို ကျေးဇူးတင်ရှိပါတယ်။ ဘာလို့လဲဆိုရင် ကျွန်တော်တို့ ဒီဖွဲ့စည်းပုံနဲ့ ပတ်သက်တဲ့ကိစ္စနဲ့လည်း ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် တင်ပြနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း ဥပဒေထဲမှာတော့ အတိအကျ ဘယ်လိုဖွဲ့စည်းရမယ် ပါရှိပြီးဖြစ်ပါတယ်။ သို့ရာတွင် ရှင်းလင်းအောင် ကျွန်တော် ထပ်မံပြီးတော့ တင်ပြပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၏ မေးခွန်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဂ)တွင် အဖွဲ့ဝင်ဦးရေအနည်းဆုံး ၁၀ ဦးပါဝင်စေရမည်ဟုပါရှိသဖြင့် လိုအပ်လျှင် အများဆုံးအဖွဲ့ဝင် ၁၄ ဦးအထိ တိုးချဲ့ဖွဲ့စည်းခွင့်ရှိသင့်ကြောင်း၊ ဦးစီးအဖွဲ့ဝင်ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့်ရှိ/မရှိ ပြည်ထောင်စုအစိုးရမှ ဦးရေမည်မျှထိ ဖွဲ့စည်းခွင့်ပြုနိုင်မည်ကို သိလိုကြောင်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း အဖွဲ့ဝင်ဦးရေနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဌ)အထိ ပြဋ္ဌာန်းထားပါတယ်။

ယင်းပြဋ္ဌာန်းချက်များအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းရမည်ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ် (၁) ဖြစ်ပါတယ်။ လုံခြုံရေးတာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာတာဝန်ဖြစ်စေ ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ် ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၂) ဖြစ်ပါတယ်ခင်ဗျ။ ပုဒ်မခွဲငယ်(၁)နှင့် (၂)ပါ ပုဂ္ဂိုလ်များက ရွေးချယ်ဖြည့်စွက်ခန့်ထားသည့် ကိုယ်စားလှယ်များဆိုတာက ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၃) ဖြစ်ပါတယ်ခင်ဗျာ။ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)ပါ ကိုယ်စားလှယ်ဦးရေ အရေအတွက်သည်

သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ရှိသည့် မြို့နယ် အရေအတွက်ပေါ်တွင် မူတည်၍ တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးချယ်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။

ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)နှင့်(၂)ပါ ဦးစီးအဖွဲ့ဝင်များဟာ မိမိတို့ အချင်းချင်း ညှိနှိုင်းလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ် များမှ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနက် သင့်လျော်သူတစ်ဦး အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်များဟာ ကိုယ်စားလှယ်များကို ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဇ)အရ ရွေးချယ်ရမည် ဖြစ်ပါတယ်။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်တဲ့ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိပြီး သော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လူဦးရေ ၁၀၀၀၀ နှင့် အထက်ရှိသော တိုင်းရင်းသာလူမျိုးများရှိပါက ကိုယ်စားလှယ်တစ်ဦးကျစီ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ်(၁) ဖြစ်ပါတယ်။ ကိုယ်စားလှယ်ရွေးချယ်ပြီးချိန်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင်ဦးရေ ၁၀ ဦးမပြည့်ပါက ၁၀ ဦးပြည့်စေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ်(၂)နှင့်အညီ ရွေးချယ်ဖြည့်စွက်ခန့်ထားသည့် အဖွဲ့ဝင်များဖြစ်ပါတယ်။ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ်(၁)ပါ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဦးရေသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လူဦးရေ ၁၀၀၀၀ အထက်ရှိသော တိုင်းရင်းသားလူမျိုးများ နေထိုင်မှုအပေါ်မူတည်၍ ရွေးချယ်ရမည် ဖြစ်ပါတယ်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဈ)အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အထက်ဖော်ပြပါအတိုင်း ရွေးချယ်ပြီးသည့် ဦစီးအဖွဲ့ဝင် စုစုပေါင်း အနည်းဆုံး ၁၀ ဦး နှင့် ၁၀ ဦးအထက်ရှိနိုင်ပါတယ်ခင်ဗျာ။ အဖွဲ့ဝင်စုစုပေါင်း၏ လေးပုံတစ်ပုံဖြစ်သည့် ဦးစီးအဖွဲ့ဝင် ဦးရေကို တပ်မတော်သားများဖြင့် လိုအပ်သလို ဖြည့်စွက်တာဝန်ပေးအပ်နိုင်ပါတယ်။ ဒီနေရာမှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့ ဖွဲ့စည်းမှုကို ဥပမာအားဖြင့် ကျွန်တော်တင်ပြပါ့မယ်။ ဒေသအတွင်းမှာရှိတဲ့ မြို့နယ်များမှ ရွေးကောင်တင်မြှောက်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟာ စုစုပေါင်း လောက်ကိုင်ကနှစ်ဦးဖြစ်ပါတယ်။ ကုန်းကြမ်းကနှစ်ဦးဖြစ်ပါတယ်။ လုံခြုံရေး/နယ်စပ်

တာဝန်ပေးအပ်နိုင်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော် သားကိုယ်စားလှယ်ဟာ သုံဦးဖြစ်ပါတယ်။ နောက် ဗမာတိုင်းရင်းသားကိုယ်စားလှယ် ဒါက ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁) အရ တစ်ဦးဖြစ်ပါတယ်။ ပလောင်တိုင်းရင်းသား ကိုယ်စားလှယ်က ကျွန်တော် အားလုံးပေါင်း ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁) အရတစ်ဦး ပဲဖြစ်ပါတယ်။ ၁၀ ဦး မပြည့်သေးတဲ့အတွက်ကြောင့် ထပ်မံဖြည့်စွက်ခန့်ထားတာက တစ်ဦးဖြစ်ပါတယ်။ ၎င်းကတော့ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဂ)အရ ဖြစ်ပါတယ်။ အောက်ပါအခြေအနေများမှာ ဦးစီးအဖွဲ့ဝင် ၁၀ ဦးအထက် ပိုနိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၎င်းပိုနိုင်တာဟာဆိုရင် ဒေသအတွင်းမှာရှိတဲ့ မြို့နယ်အရေအတွက်ဟာ များလို့ရှိရင် ဥပမာ-ဒေသအတွင်းမှာ ၆ မြို့နယ်ရှိလို့ရှိရင် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က တစ်မြို့နယ်လျှင် ၂ ဦး ဖြစ်တဲ့အတွက်ကြောင့် ၆ x ၂ = ၁၂ ဦးရှိမှာဖြစ်ပါတယ်။

နောက်တစ်ခု ဒေသအတွင်း လူဦးရေ ၁၀၀၀၀ အထက်ရှိတဲ့ တိုင်းရင်းသားလူမျိုး ဦးရေများလို့ရှိရင်၊ အရေအတွက်များလို့ရှိရင် ဥပမာ ၁၀၀၀၀ အထက်ရှိတဲ့ တိုင်းရင်းသားလူမျိုးမှာ ဗမာနှင့် ပလောင်လူမျိုးသာမက ရှမ်း၊ ကချင်၊ မွန် စသည်ဖြင့် လူမျိုးများရှိပါက ယင်းတို့အတွက် ကိုယ်စားလှယ် တစ်ဦးစီ ထပ်မံရရှိမှာ ဖြစ်ပါတယ်။ ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဈ) အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဦးစီးအဖွဲ့ဝင် စုစုပေါင်း၏ လေးပုံတစ်ပုံဖြစ်သည့် ဦးစီးအဖွဲ့ဝင်ဦးရေကို တပ်မတော်သားများဖြင့် ဖြည့်စွက်တာဝန်ပေးနိုင်သဖြင့် ကာကွယ်ရေးဦးစီးချုပ်က ယင်းသို့တာဝန်ပေးလျှင် ၁၀ ဦးအထက်ရှိမည် ဖြစ်ပါတယ်။ ဦးစီးအဖွဲ့ဝင်များ ရွေးချယ်ဖြည့်စွက်ခန့်ထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ်(၂) ပါ ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၁၀ ဦးမပြည့်သေးပါက အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦး ပြည့်စေရန် ဖြည့်စွက်ခန့်ထားရမည်ဆိုသည့် ပြဋ္ဌာန်းချက်အရ ၁၀ ဦးထက်ကျော်လွန်သောဦးရေကို ဖြည့်စွက်ခန့်ထားနိုင်ခြင်းမရှိဟု သုံးသပ်ရပါတယ်။

ပုဒ်မ ၂၇၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)အရ ဦးစီးအဖွဲ့ဝင်ဖြစ်ခွင့်ရှိသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း၊ လူဦးရေ ၁၀၀၀၀ နှင့်အထက်ရှိသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးချယ်ခြင်းသည်လည်းကောင်း၊ ဦးစီးအဖွဲ့ဝင်ဦးရေ ၁၀ ဦး မပြည့်သေးသဖြင့် ဖြည့်စွက်ခန့်ထားသည့် အဖွဲ့ဝင်များသည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အကန့်အသတ်ရှိပြီး ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအနက် မြို့နယ်အရေအတွက် များပြားခြင်းနှင့် မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးများ များပြားခြင်းတို့ဖြစ်ပါက ဦးစီးအဖွဲ့ဝင် ၁၀ ဦးထက်ကျော်

သော အရေအတွက်ကို ရရှိနိုင်မှာဖြစ်ပါတယ်။ သို့ရာတွင် ယင်းသို့ အဖွဲ့ဝင် ၁၀ ဦးထက်ကျော်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥပဒေတို့နှင့်အညီ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဖွဲ့စည်းရာတွင် ဦးစီးအဖွဲ့၏အဖွဲ့ဝင်ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့်မရှိပါကြောင်းနှင့် ဥပဒေက သတ်မှတ်ထားသည့်ဦးရေကို ပြည်ထောင်စုအစိုးရက ဦးရေမည်မျှအထိ ဖွဲ့စည်းရမည်ဟု သတ်မှတ်ပေးနိုင်မည် မဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကို ၁၅-၅-၂၀၁၅ ရက်နေ့တွင်လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ကိုးကွယ်ရာဘာသာ

ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၉-၁-၂၀၁၅ ရက်နေ့တွင်စတင် တင်သွင်းခဲ့ပြီး ၁၄-၅-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါတယ်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းရှိ ပုဒ်မ ၃၄ တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရန်၊

(ခ) စနစ်တကျ ဘာသာကူးပြောင်းနိုင်ရန်၊

(ဂ) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊

(ဃ) ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ အတင်းအကြပ်ကူးပြောင်းစေမှု၊ အရွယ်မရောက်သေးသည့် မိန်းကလေးများကို နည်းမျိုးစုံဖြင့် လက်ထပ်ပြီး ဘာသာကူးပြောင်းစေမှုများမှ ကာကွယ်ရန်၊

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး(ဗဟို)အဖွဲ့၏ တိုက်တွန်းချက်ဖြစ်သော ဥပဒေ (၄) ရပ်ကို လိုအပ်ပါက ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၂၅-၂-၂၀၁၄ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ နိုင်ငံတော်သမ္မတထံမှ ပေးပို့စာကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြခဲ့ပြီး ပြည်ထောင်စုလွှတ်တော် နာယကထံမှ

နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၂-၂၀၁၄ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားစာ ပေးပို့ထားကြောင်း တွေ့ရှိရပါသည်။

၅။ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး(ဗဟို)အဖွဲ့က အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေ(၄)ရပ်ကို ပြဋ္ဌာန်းပေးရန် တိုက်တွန်းခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ဤဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၂-၇-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း ၆ ခန်းနှင့် အပိုဒ်ပေါင်း ၂၇ ပိုဒ် ပါရှိပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် သဘောတူညီခဲ့ကြပါသည်။

၇။ သို့ဖြစ်ပါ၍ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၀-၈-၂၀၁၅ ရက်နေ့ ညနေ ၄း၀၀ နာရီအချိန်နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**သတ္တုတွင်းဝန်ကြီးဌာနက ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီ အလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာနက ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ပြင်ဆင်ချက်များ တင်သွင်းလာခြင်းကို ၁၅-၇-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြ၍ ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ၁၇-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည် ပြုခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ နည်းဥပဒေများရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် နည်းဥပဒေများ တစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ မင်းလှမဲဆန္ဒနယ်က ဦးမောင်တိုးတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၂)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် (၂)ချက်ကို လွှတ်တော်သို့ အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမတစ်ချက်မှာ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၁ အမှတ်

စဉ် ၂ နည်းဥပဒေ ၃၀ နည်းဥပဒေခွဲ(က) တန်ဖိုးဖြတ်အဖွဲ့သည် ပြည်ပဖက်စပ်ပုလဲမွေးမြူရေးကုမ္ပဏီများ၏ ဖော်ယူရရှိသော ပုလဲများကို တန်ဖိုးသတ်မှတ်ပေးရမည်ဟုလည်းကောင်း၊ ဒုတိယအချက်မှာ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၂ အမှတ်စဉ် ၄ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(စ) ဝတ်ဆံတင်သွင်းလုပ်ငန်းစီမံချက်နှင့် ဝတ်ဆံသွင်းပြီးကြောင်း အစီရင်ခံစာများကို တင်ပြအတည်ပြုချက် ရယူရမည်ဟုဖြစ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက်(၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သတ္တုတွင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကျန်းမာ ချမ်းသာပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာပို့သ ဂါရဝပြုပါတယ်။ ကျွန်တော်က သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ တင်ပြချက်ပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သတ္တုတွင်းဝန်ကြီးဌာနက သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သတ္တုတွင်းဝန်ကြီးဌာနကလည်း သဘောတူကြောင်း ပြောကြားသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၂) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၂) ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်

နည်းဥပဒေများနှင့်စပ်လျဉ်းပြီး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးရဲ့ ပြင်ဆင်ချက် (၅) ချက်ကို တင်သွင်းဖို့ ဦးမောင်တိုးအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များခင်ဗျား။ လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး စတင်ပြီးတော့ ပြင်ဆင်ချက်ကို စုစုပေါင်း (၁၀)ချက် တင်ခဲ့ပါတယ်။ မနေ့တုန်းက ဥပဒေကြမ်း ကော်မတီရဲ့ အစည်းအဝေးမှာ ဒီ(၃)ချက်ကိုတော့ မူလအတိုင်းပဲထားဖို့ဆိုပြီးတော့ နောက်ကျန်တဲ့ ဒီဇယားမှာပါတဲ့(၇)ချက်ကိုတော့ ဥပဒေကြမ်းကော်မတီက ဒီလိုမျိုးကျွန်တော်တို့ ပြင်မယ်။ ကျွန်တော်ရဲ့ ပြင်ဆင်ချက်ကိုလည်း ဝန်ကြီးဌာနကနေပြီးတော့ အားလုံးကို သဘောတူတယ်လို့ ပြောတဲ့အတွက် ဒီပထမပြင်ခဲ့တဲ့ (၁၀) ချက်အနက်က (၃)ချက်ကိုတော့ မဆွေးနွေး တော့ဘဲနဲ့ (၇)ချက်ကိုပဲ ဒီနေ့ဖြန့်ဝေထားတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခင်တုန်းကလည်း ဖြန့်ဝေ ပြီးဖြစ်ပါတယ်။ အခုလည်းပဲ ဒါကို အားလုံးဖြန့်ဝေပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် အသေးစိတ်တွေကို ထပ်ပြီးတော့ မဆွေးနွေးတော့ပါဘူး။ ဝန်ကြီးဌာနက သဘောတူတယ်ဆိုလို့ရှိရင် အားလုံးကျွန်တော်တို့ သဘောတူဖို့ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဆွေးနွေးရန်မရှိပါဘူးခင်ဗျား။ တင်ပြချက်အတိုင်းပါပဲ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးမောင်တိုးရဲ့ တင်သွင်းသွားတဲ့အချက်နဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အချက်များနဲ့ ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန်မရှိပါကြောင်း၊ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုလည်း ပြောပါခင်ဗျား။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးမောင်တိုးရဲ့ ပြင်ဆင်ချက်များနှင့် ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနကလည်း သဘောတူတယ်။ ဥပဒေကြမ်းကော်မတီကလည်း သဘောတူတာဖြစ်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်တဲ့နည်းဥပဒေများနှင့် စပ်လျဉ်းပြီး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးရဲ့ ပြင်ဆင်ချက် (၅) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် (၅) ချက်ကို ဦးမောင်တိုး၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို ပြင်ဆင်ချက် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို လည်း တစ်ပါတည်း အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်

ရယူရမှာဖြစ်ပါတယ်။ ဒါကြောင့် သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့သော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြင်ဆင်ချက်များတင်သွင်းလာခြင်းကို ၁၅-၇-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြ၍ ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို ၁၇-၇-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရန်လည်း တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ နည်းဥပဒေရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် နည်းဥပဒေများ တစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်

ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အသင်း အဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ ပြင်ဆင်ချက် (၁၂)ချက်ကို ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစားအပ် ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနည်းဥပဒေဟာ ကျွန်တော်တို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီကနေပြီးတော့ စတင်တင်သွင်းခဲ့တဲ့ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကနေ ပေါ်ထွန်းလာပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနကနေ ထုတ်ပြန်တဲ့နည်းဥပဒေဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ ပြည်တွင်းမှာရှိတဲ့ အသင်းအဖွဲ့များ၊ ပြည်ပ အသင်းအဖွဲ့များရဲ့ ကိုယ်စားလှယ်များနှင့် ဆွေးနွေးပြီးတော့ လိုအပ်ချက်များကို လက်တွေ့ကျကျနှင့် ဆောင်ရွက်နိုင်ဖို့အတွက် (၃)ကြိမ် ဆွေးနွေးခဲ့ပါတယ်။ ရရှိတဲ့အခြေအနေများအပေါ်မှာ မူတည် ပြီးတော့ ပြီးခဲ့တဲ့ ၂၂ ရက်နေ့ ညနေမှာ သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိတဲ့ ရှေ့နေချုပ်ရုံးတို့နဲ့လည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ အချိန်ကို လေးစားသောအားဖြင့် တင်ပြလိုတာကတော့ ဒီမှာတင်ပြထားတဲ့ နောက်ဆုံးအတည်ပြု ထားတဲ့ အချက် (၁၂)ချက်သည် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း အားလုံး သဘောတူပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့သော် ခုနက ညွှန်ကြားတဲ့အတိုင်းပဲ ဆွေးနွေးပါ မယ်။ တကယ်လို့ အားလုံးခြုံငုံပြီးတော့ သဘောတူတယ်ဆိုရင်လည်း အချိန်ကို ကန့်သတ်ချက် နည်းအောင် လို့ဖြစ်ပါတယ်။

ပထမအပိုဒ်အနေနဲ့ အမှတ်စဉ် ၁ အခန်း(၂) နည်းဥပဒေ ၃ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြင်ဆင်ရန် တင်ပြချက်က ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ အပိုဒ်ခွဲငယ်(၁)မှာ မှတ်ပုံတင် ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်းရှိ/မရှိ၊ ဤနည်းဥပဒေ ၄ နှင့် ၅ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီး ကိုက်ညီမှုရှိပါက ဥပဒေပုဒ်မ ၈ အရ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း ဆိုပြီးတော့ ပြင်ဆင်ချက်တင်ပြခြင်းဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ တစ်ချက်ချင်း ညှိနှိုင်းထားပြီးသား ဖြစ်တယ်ဆိုရင်တော့ တစ်ချက်ခြင်းမေးမနေတော့ဘဲနဲ့ ပြီးမှပဲ တစ်ခါတည်းပေါင်းမေးပါမယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော် ဒါဆို ဆက်လက်ပြီးတော့ တင်ပြပါမယ်ခင်ဗျား။ အပိုဒ် ၂ မှာလည်း ကျွန်တော်တို့ ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက်ကြောင့် အမှတ်စဉ် ၂ နည်းဥပဒေ ၃ (ခ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး အပိုဒ်ခွဲ(ဂ)မှာ နိုင်ငံတော်အတွင်း ဘေးအန္တရာယ် တစ်မျိုးမျိုးကြုံတွေ့နေတဲ့ဒေသသို့ လူမှုရေး လုပ်ငန်းများ ဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်းဖြစ်ပါတယ်။ ဒါကို လွှတ်တော်ကနေ အတည်ပြုတင်ပြပေးနိုင်ဖို့ တင်ပြအပ် ပါတယ်။

အလားတူပဲ အမှတ်စဉ် ၃ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၏လုပ်ငန်းတာဝန်တွေမှာ အပိုဒ်ခွဲ(ဂ)မှာ နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့မှ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ပြည်သူ့ လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။ အမှတ်စဉ် ၄ အပိုဒ်ခွဲ(ဃ) ခရိုင်မှတ်ပုံတင်ရေး အဖွဲ့၏ လုပ်ငန်းတာဝန်များဖြစ်ပါတယ်။ အပိုဒ်ခွဲ(ဂ)မှာ နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့မှ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်းဖြစ်ပါတယ်။ အပိုဒ် ၄ နှင့်ပတ်သက်လို့လည်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။

အမှတ်စဉ် ၅ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်တွေထဲက အပိုဒ်ခွဲ(ဂ)ဖြစ်ပါတယ်။ နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း ပြည်တွင်း အသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုတင်ပြပေးဖို့ တင်ပြအပ်ပါတယ်။ အမှတ်စဉ် ၆ ပြည်တွင်း အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့် အသင်းအဖွဲ့များသည် အောက်ပါ စည်းကမ်းချက်များနှင့်ကိုက်ညီရမည်။ အပိုဒ်ခွဲ(ဃ) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့်

တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပါတယ်။ အမှတ်စဉ် ၆ နှင့်ပတ်သက်လို့လည်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။

အမှတ်စဉ် ၇ အပိုဒ်ခွဲ(ဂ) နိုင်ငံသားများ၏ အခွင့်အရေးကို လေးစားရမည်ဖြစ်ပါတယ်။ အမှတ်စဉ် ၇ နှင့်ပတ်သက်လို့လည်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။ အမှတ်စဉ် ၈ အပိုဒ်ခွဲ(င) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူ ပြုနိုင်မည့် လူမှုအဖွဲ့အစည်းများ ဖြစ်ရမည်ဖြစ်ပါတယ်။ အမှတ်စဉ် ၈ နှင့်ပတ်သက်လို့ ပြည်သူ့ လွှတ်တာ်က အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။ အမှတ်စဉ် ၉ အပိုဒ်ခွဲ(စ) အသင်းအဖွဲ့ အမည် ပေးရာတွင် မိမိလုပ်ရှားဆောင်ရွက်မည့် နယ်မြေအဆင့်နှင့်လျော်ညီသော အမည်သတ်မှတ်ချက် အမည်သတ်မှတ်လျှောက်ထားရမည်ဖြစ်ပါတယ်။ အမှတ်စဉ် ၉ နှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။ အမှတ်စဉ် ၁၀ အပိုဒ်ခွဲ(ဆ) အသင်းအဖွဲ့၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်များနှင့်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ သဘောထားတောင်းခံထားသည့်စာကို ကနဦးပူးတွဲတင်ပြရမည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်း များ၏ သဘောထားများကို ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်အချိန်တွင် တစ်ပါတည်း တင်ပြ ရမည်ဖြစ်ပါတယ်။ အမှတ်စဉ် ၁၀ နှင့်ပတ်သက်လို့လည်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။ အမှတ်စဉ် ၁၁ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် အသင်းအဖွဲ့များသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည်။ (က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။ (ဂ) နိုင်ငံသားများ၏ အခွင့်အရေးကို လေးစားရမည်။ အမှတ်စဉ် ၁၁ နှင့်ပတ်သက်လို့ ပြည်သူ့ လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။

အမှတ်စဉ် ၁၂ အပိုဒ်ခွဲ(စ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်းသည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရား အသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်၊ ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၂ နှင့် ပတ်သက်လို့လည်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ အခု ပြင်ဆင်တဲ့ အချက် (၁၂)ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ ပြင်ဆင်ချက် (၁၂)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၂)ချက်ကို ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၈၁)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၈၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၁) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၀)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]